**နမူနာမေးခွန်းပုံစံ**

**၂၀ – – ခုနှစ်**

**တက္ကသိုလ်ဝင်စာမေးပွဲ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ဘောဂဗေဒ** **ခွင့်ပြုချိန် (၃) နာရီ**

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါဖော်ပြချက်များကို မှား သို့မဟုတ် မှန ဖြေဆိုပါ။ (၅မှတ်)

၁။ ဘောဂဗေဒဘာသာရပ်သည် လူတို့၏ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုစသည်တို့ကို လေ့လာသော ဘာသာရပ် ဖြစ်သည်။

၂။ လေ့လာနေသော ကုန်စည်တစ်ခုကို အိမ်ထောင်စုတစ်ခုက ဝယ်ယူမည့်အရေအတွက်သည် ထိုကုန်စည်အတွက် တစ်ဦးချင်းဝယ်လိုအားပင်ဖြစ်သည်။

၃။ အသုံးစရိတ်နည်းဖြင့်တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် အစိုးရ၏အသုံးစရိတ်များမှ ပင်စင်လစာအဖြစ် ပေးသောလွှဲပြောင်းပေးငွေများကို နုတ်ရန်လိုသည်။

၄။ နိုင်ငံအများစုတွင်ငွေကြေးကိုဘဏ်ငွေစက္ကူ၊ အကြွေနှင့်ဘဏ်အပ်ငွေဟူ၍ အသွင်သုံးမျိုးဖြင့် တွေ့ရှိနိုင်ပေသည်။

၅။ ကိုတာသတ်မှတ်ခြင်းသည်အစိုးရအတွက်ရငွေကိုတားတက်စေသည်။

(ခ) အောက်ပါဖော်ပြချက်မ္မားအတွက် ပေးထားသောအဖြေ (က)(ခ)(ဂ)များမှ အဖြေမှန်ကို အဖြေစာအုပ်တွင်ရေးပါ။ (၅ မှတ်)

၁။ ကုန်စည်တစ်မျိုးကိုထုတ်လုပ်ခြင်းအားဖြင့် အခြားကုန်စည်တစ်မျိုးပါ ပူးတွဲထွက်လာတတ်သော ကုန်စည်မျိုးသည် (က) တွဲဖက်ကုန်စည် (ခ) တွဲဖက်ထုတ်ကုန် (ဂ) အစားထိုး ထုတ်ကုန် ဖြစ်သည်။

၂။ ကာလရှည်တွင် အထွေထွေဈေးနှုန်းအဆင့် ပြောင်းလဲမှုနည်းပါးသည့်အခြေအနေကို (က) ဈေးနှုန်းတည်ငြိမ်မှု (ခ) ငွေဖောင်းပွမှု (ဂ) ငွေကျုံ့မှု ရှိသည်ဟု ဆိုနိုင်သည်။

၃။ ကုန်ကြမ်းတန်ဖိုးနှင့်ထပ်ဆင့်တိုးတန်ဖိုးကို ပေါင်းလိုက်သောအခါ (က) ထုတ်ကုန်တန်ဖိုး (ခ) ကုန်ချောတန်ဖိုး (ဂ) ကုန်ထွက်တန်ဖိုးကိုရရှိသည်။

၄။ ဘဏ်များအနည်းဆုံးလိုအပ်သော သီးသန့်ငွေသားကို ထိုဘဏ်၏ (က) အပ်ငွေများ (ခ) ချေးငွေများ (ဂ) စုစုပေါင်းရပိုင်ခွင့်များ ဖြင့်သတ်မှတ်သည်။

၅။ ပို့ကုန်အတွက်ရငွေနှင့်သွင်းကုန်အတွက်ပေးငွေခြားနားချက်ကို(က) ကုန်သွယ်မှုလက်ကျန် (ခ) သာမန်စာရင်းလက်ကျန် (ဂ) ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန် ဟုခေါ်သည်။

[တစ်ဖက်သို့

(ဂ) အောက်ပါကွက်လပ်များတွင်ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

၁။ ___________ နှင့်အပေးအယူပြုလုပ်သောလွှဲပြောင်းပေးငွေများကို တိုင်းပြည်ဝင်ငွေ တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်သည်။

၂။ အခြားကုန်စည်တစ်ခု၏ဈေးနှုန်းတက်လာခြင်းကြောင့်လေ့လာနေသောကုန်စည်၏ဈေးနှုန်းမပြောင်းသော်လည်း ဝယ်ယူသည့်အရေအတွက်များလာလျှင်ထိုကုန်စည်နှစ်ခုသည် __________ များဖြစ်ကြသည်။

၃။ နိုင်ငံအတွင်း ချက်လက်မှတ်များ၊ ဈေးငွေကဒ်ပြားများ တွင်ကျယ်စွာ အသုံးပြုလာကြခြင်းမှာ ငွေကြေး၏ ___________ အရည်အချင်းကြောင့်ဖြစ်သည်။

၄။ အစိုးရ၏သာမန်အသုံးစရိတ်သည် __________ အသွင်ကိုဆောင်သည်။

၅။ မမျှော်လင့်ဘဲသွင်းကုန်တန်ဖိုးတိုးတက်လာသည့်အခါ ___________ ထားရှိခြင်းကို အသုံးပြုနိုင်သည်။

၆။ __________ များမှာယေဘုယျအားဖြင့်တစ်နှစ်ထက်ကျော်လွန်ပြီး ငါးနှစ်အောက်ချေးငွေများဖြစ်သည်။

၇။ ကုန်စည်တစ်ခု၏ __________ သည်အင်အားစုများ၏စရိတ်၊ ထုတ်လုပ်မှုနည်းပညာနှင့် ထုတ်လုပ်မှုအခြေအနေတို့ပေါ်တွင်မူတည်သည်။

၈။ ထုတ်ကုန်တန်ဖိုးမှာ __________ ပေါ်တွင်ထပ်ဆင့်တိုးလာသည့်ထုတ်လုပ်မှုတန်ဖိုးဖြစ်သည်။

၉။ စုစုပေါင်းဝင်ငွေမှာ အရင်းအနှီးပစ္စည်းများယိုယွင်းပျက်စီးမှုအတွက် ________ မနှုတ်ရသေး သောဝင်ငွေဖြစ်သည်။

၁၀။ ကုန်စည်ကုန်သွယ်မှုစာရင်းကို __________ ဟုလည်းခေါ်သည်။

၂။ အောက်ပါတို့အနက်မှ(၁၀) ခု၏ အဓိပ္ပာယ်ကိုဖော်ပြပါ။ (၂၀ မတ်)

၁။ အင်အားစုခွဲဝေမှုပြဿနာ

၂။ ဗဟိုစီမံကိန်းချစီးပွားရေးစနစ်

၃။ ဝယ်လိုအားအလျော့အတင်းများခြင်း

၄။ ဈေးကွက်ဝယ်လိုအား

၅။ ဘက်ညီဝင်ငွေလည်ပတ်စီးဆင်းမှု

၆။ အသားတင်ဝင်ငွေ

၇။ စားသုံးသူဈေးဆနှုန်းကိန်း

၈။ သီးသန့်ငွေသားအချိုး

၉။ တန်ဖိုးအလိုက်စည်းကြပ်ခွန်

၁၀။ အခွန်တော်

၁၁။ ကုန်သွယ်မှုပုံသဏ္ဌာန်

၁၂။ ကုန်သွယ်မှုပိတ်ဆို့ခြင်း

၃။ အောက်ပါတို့အနက်မှနှစ်သက်ရာ(၂) ခုကိုမှတ်စုရေးပါ။ (၂၀ မှတ်)

၁။ ဈေးကွက်နှင့်ဈေးကွက်စီးပွားရေးစနစ်
၂။ တိုင်းပြည်ဝင်ငွေ၏အခြေခံသဘော
၃။ ဘဏ်အမျိုးအစားများ
၄။ တိုက်ရိုက်ခွန်များ

၄။ ရောင်းလိုအားပြောင်းလဲခြင်းများကိုပုံနှင့်တကွ ရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)
(သို့မဟုတ်)

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကိုကန့်သတ်သည့်နည်းလမ်းများကို ရှင်းလင်းဖြေဆိုပါ။

၅။ အောက်ပါတို့အနက်မှနှစ်သက်ရာ(၂)ခုကိုဖြေဆိုပါ။ (၁၀× ၂)မှတ်

(က) နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။ (၂၀၀၇ ခုနှစ်မှာအခြေခံနှစ်ဖြစ်သည်။)

| ခုနှစ် | ပို့ကုန်ဈေးဆနှုန်းကိန်း | သွင်းကုန်ဈေးဆနှုန်းကိန်း |
|---|---|---|
| ၂၀၀၇ | ၁၀၀ | ၁၀၀ |
| ၂၀၁၁ | ၁၀၄ | ၁၂၀ |
| ၂၀၁၅ | ၁၅၀ | ၁၄၅ |

၁။ ဖော်ပြပါနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကိုတွက်ချက်ပါ။
၂။ ကုန်ဖလှယ်မှုအချိုး ပြောင်းလဲခြင်းများကိုသုံးသပ်ပြပါ။

(ခ) ဈေးကွက်တစ်ခုတွင်ကုန်စည် X နှင့် Y တို့၏ ဈေးနှုန်းနှင့် ဝယ်ယူသောအရေအတွက်တို့ကို အောက်ပါဇယားတွင်ဖော်ပြထားသည်။

| ကုန်စည် | ဈေးနှုန်း(ကျပ်) | | ဝယ်ယူသည့်အရေအတွက် (ယူနစ်) | |
|---|---|---|---|---|
| | ၂၀၁၅ခုနှစ် | ၂၀၁၆ခုနှစ် | ၂၀၁၅ခုနှစ် | ၂၀၁၆ခုနှစ် |
| X | ၁၂၀ | ၁၂၀ | ၅၀ | ၈၀ |
| Y | ၁၂၀ | ၁၅၀ | ၄၀ | ၆၀ |

ကုန်စည် X နှင့် Y တို့အတွက် ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းကို တွက်ချက်သုံးသပ်ပြပါ။

[တစ်ဖက်သို့

(ဂ) အကယ်၍ငွေကြေးပမာဏ M သည် (၁၅၀၀)ကျပ်၊ ဈေးနှုန်း P သည် (၂၀)ကျပ်နှင့် ကုန်စည်အပေးအယူပြုလုပ်သည့်ပမာဏ T သည် (၆၀၀) ဖြစ်ပါကအပေးအယူပြုလုပ်သည့်တန်ဖိုး R နှင့် ငွေကြေးလည်ပတ်မှုအရှိန် V ကို ရှာပါ။

အကယ်၍ငွေကြေးပမာဏ M သည် (၂၀) ရာခိုင်နှုန်း၊ ကုန်စည်အပေးအယူပြုလုပ်သည့်ပမာဏ T သည် (၁၀) ရာခိုင်နှုန်းတိုးနေပြီး

(က) ငွေကြေးလည်ပတ်မှုအရှိန် V သည်ပုံသေဖြစ်ပါက ငွေကြေးပမာဏ M၊ ဈေးနှုန်း P နှင့်ကုန်စည်အပေးအယူပြုလုပ်သည့်ပမာဏ T တို့ကိုရှာပါ။

(ခ) ငွေကြေးလည်ပတ်မှုအရှိန် V သည် (၁၀) သို့ပြောင်းသွားပါကဈေးနှုန်း P ကို ရှာပါ။